နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

အမြတ်ခွန် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၈၉)

၁၃၅၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁ ရက်
၁၉၈၉ ခုနှစ်၊ မတ်လ ၂၂ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဌာန်းလိုက်သည်-

အပိုင်း ၁

အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၈၉ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ပုဒ်မ ၂၀ မှ ၂၅ အထိတွင်ပါရှိသော ဝင်ငွေခွန်နှင့် သက်ဆိုင်သည့်ပြဌာန်းချက်များသည် ၁၉၈၉-၉၀ ခု၊ ဘဏ္ဍာရေးနှင့်သက်ဆိုင်သည့် ဝင်ငွေခွန်စည်းကြပ်ခြင်း ပြုလုပ်ရမည်ဖြစ်သော ဝင်ငွေစတင်ရရှိ ဖြစ်ထွန်းပေါ်ပေါက်သည့် ၁၉၈၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် လစာခေါင်းစဉ်မှ ဝင်ငွေနှင့်စပ်လျဉ်း၍မူ ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်ရရှိသော ဝင်ငွေအတွက် ၁၉၈၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေပါ ကျန်ပုဒ်မများသည် ၁၉၈၉-၉၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၈၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်ရမည်။

အပိုင်း ၂

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

အခန်း (၁)

ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။

၃။ (က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေနှင့် အခန်း (၃) အရ ချေးယူငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ပိုမိုရရှိသော ပြည်ပအကူအညီရငွေ၊ ချေးယူငွေတို့ဖြင့်ကျခံရမည့် လုပ်ငန်းအသုံးစရိတ်များကို ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြု ထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ပြည်ပမှ အကူအညီရငွေ၊ ချေးယူငွေများကြောင့် နိုင်ငံတော်ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များအတွက် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေဖြင့် မလုံလောက်ပါက ပုဒ်မ ၆ ပါပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ ပိုမိုသုံးစွဲခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြရမည်။

၅။ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့တင်ပြသော ၁၉၈၉-၉၀ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

အခန်း (၂)

သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား (၄) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါ စည်းကမ်း ချက်များနှင့်အညီ သာလျှင် ဆောင်ရွက်ခွင့်ရှိသည်-

(၁) ကြိုတင်မမျှော်မှန်းနိုင်သော ရသုံးစရိတ်ဖြစ်ခြင်း၊
(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့်ကိစ္စဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ခြင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြရမည်။

၇။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ ရငွေတိုးထက်တိုး၍ သို့မဟုတ် လျော့၍ရသော ရငွေများနှင့် စပ်လျဉ်း၍သော်လည်းကောင်း ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပုဒ်မ ၄ အရအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ နိုင်ငံတော်၏ နောက်ထပ်ရငွေ သုံးငွေအဖြစ် တင်ပြတောင်းခံခွင့် မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ၌ ပါရှိသော စည်းကမ်းချက်များနှင့် ညီညွတ်သည့် အသုံးစရိတ်များအတွက် ဤဥပဒေအရခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်းမရှိပါက အသုံးစရိတ်တစ်ခုချင်းအတွက် အကျိုးအကြောင်းဖော်ပြချက်များ နှင့်အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

အခန်း (၃)

ငွေချေးယူခြင်း

၈။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ၊ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း၊ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ၊ ငွေချေးယူနိုင်သည်။ ထိုသို့ငွေချေးယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၉။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများဖြည့်တင်းရန် အာမခံစာချုပ်များရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၁၀။ အစိုးရအဖွဲ့၏ သဘောတူညီခွင့်ပြုချက်ဖြင့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများအတွက် ပြည်ပမှ ငွေချေး ယူနိုင်သည်။

၁၁။ (က) အစိုးရအဖွဲ့သည် ဤအခန်း (၃) ပါကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည် ဤအခန်း (၃) ပါငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော် ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၂။ ၁၉၈၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉၉၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၃) အရ ငွေချေးစာချုပ် ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့်ငွေ စုစုပေါင်းသည် ကျပ်သန်းရှစ်ထောင် ပမာဏထက် မပိုစေရ။

အပိုင်း ၃

နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

၁၃။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေနှင့် အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်ရသော ငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန် ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၄။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံ ခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၅။ (က) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရလိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့တင်ပြသော ၁၉၈၉–၉၀ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ် ပေးနိုင်သည်။

အပိုင်း ၄

စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၁၆။ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၇။ (က) စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် ဇယား (၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ (က) အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြသော ၁၉၈၉–၉၀ ခုနှစ် အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း၊ လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ၊ ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

အပိုင်း ၅

ဝင်ငွေခွန်

၂၀။ ဤအပိုင်းပါ ဝင်ငွေခွန်နှုန်းများနှင့် ပြဋ္ဌာန်းချက်များသည် ၁၉၈၉–၉၀ ခု၊ စည်းကြပ်နှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂၁။ ဝင်ငွေခွန်ကို ဤဥပဒေပါ ဇယား (၉) တွင် ဖော်ပြထားသည့်နှုန်းများဖြင့် စည်းကြပ်ရမည်။

၂၂။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ အခြေခံသက်သာခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ နှစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့်ပြုငွေ စုစုပေါင်းသည် ငွေကျပ်ခြောက်ထောင်ထက် မပိုစေရ။

၂၃။ (က) ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ ပုဂ္ဂိုလ်စုမဟုတ်သော အခြားဝန်ထမ်းတစ်ဦး၏ ဇနီးအတွက် သက်သာခွင့် ပြုငွေမှာ ကျပ်နှစ်ထောင်ငါးရာဖြစ်ရမည်

(ခ) ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ ပုဂ္ဂိုလ်စုမဟုတ်သော အခွန်ထမ်း၏ သားသမီးများအတွက် သက်သာခွင့် ပြုငွေမှာ အောက်ပါအတိုင်းဖြစ်စေရမည်။

(၁) အသက် ငါးနှစ်မကျော်သည့် သားသမီးအတွက် တစ်ဦးလျှင်ငွေကျပ် ငါးရာစီ၊

(၂) အသက် ငါးနှစ်ကျော်၍ ဆယ်နှစ်မကျော်သည့် သားသမီးအတွက် တစ်ဦးလျှင် ငွေကျပ် ခြောက်ရာစီ၊

(၃) အသက် ဆယ်နှစ်ကျော်၍ တစ်ဆယ့်ငါးနှစ်မကျော်သည့် သားသမီးအတွက် တစ်ဦးလျှင် ငွေကျပ် ရှစ်ရာစီ၊

(၄) အသက် တစ်ဆယ့်ငါးနှစ်ကျော်သည့် သားသမီးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်ထောင်စီ၊

၂၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ခ) အရ အခြားသက်သာခွင့်များနှင့် စပ်လျဉ်း၍ သက်သာခွင့်ပြုငွေမှာ သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း အမှန်ပေးသွင်းသည့် ငွေအားလုံးဖြစ်ရမည်။

၂၅။ ဤအပိုင်းနှင့် ဤဥပဒေ၏ဇယား ၉ ပါ စကားရပ်များ၏ အဓိပ္ပာယ်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့် အတိုင်း ဖြစ်စေရမည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ်

ဇယား (၁)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ									
			အခွန်အကောက်	နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်း များမှ ရငွေ	အခြားသာမန်ရငွေ	အတိုးရငွေ	ငွေလုံးငွေရင်းရငွေ	ပြည်ပအကူအညီရငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ	စုဆောင်း ငွေ
									ဌာတ်ချေးငွေအတွက်ပြန်ရငွေ	ချေးယူငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့	နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတ်ညဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ			၁,၁၈၇,၅၀၀							
၂	ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်	ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ			၁၀၀							
၃	အစိုးရအဖွဲ့	ဝန်ကြီးချုပ် သို့မဟုတ် ဝန်=ကီးချုပ်က တာဝန်ပေးသူ			၂,၀၀၀		၁,၅၀၀					
၄	တရားသူကြီးချုပ်	တရားသူကြီးချုပ် သို့မဟုတ် တရားသူ=ကီးချုပ်က တာဝန်ပေးသူ			၃၅,၀၀၀,၀၀၀							
၅	ရှေ့နေချုပ်	ရှေ့နေချုပ်သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ			၈,၆၀၀							
၆	စာရင်းစစ်ချုပ်	စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ			၃၈၀,၀၀၀							
ပေါင်း					၃၆,၅၇၈,၂၀၀		၁,၅၀၀					

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ်

ဇယား (၂)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ							
			သာမန်သုံးငွေ	အတိုးပေးရငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းရငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ
							ထုတ်ချေးငွေ	ချေးယူငွေအတွက်ပြန်ပေးဆပ်ငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁

၁	နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့	နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ	ကျပ် ၆၂ ,၂၂၅ ,၀၀၀	ကျပ်	ကျပ်	ကျပ် ၆ ,၉၈၂ ,၆၄၀	ကျပ်	ကျပ်	ကျပ်	ကျပ်
၂	ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်	ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ	၃၀ ,၄၉၆ ,၀၀၀			၇၀၀				
၃	အစိုးရအဖွဲ့	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	၆၆ ,၅၄၅ ,၀၀၀			၁၉ , ၄၀၀				
၄	တရားသူကြီးချုပ်	တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ် က တာဝန်ပေးသူ	၅၃ ,၄၈၅ ,၀၀၀			၁ ,၅၇၉ ,၉၀၀				
၅	ရှေ့နေချုပ်	ရှေ့နေချုပ်သို့မဟုတ် ရှေ့နေချုပ် က တာဝန်ပေးသူ	၂၇ ,၆၄၃ ,၀၀၀			၁ ,၉၄၀ ,၀၀၀				
၆	စာရင်းစစ်ချုပ်	စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ် က တာဝန်ပေးသူ	၆၀ ,၄၇၈ ,၀၀၀			၆၆၃, ၄၉၀				
	ပေါင်း		၃၀၀ ,၈၇၂ , ၀၀၀			၁၂ ,၁၈၆, ၁၄၀				

ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၃)

အမှတ်စဉ်		အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ									
				အခွန်အကောက်	နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်း များမှ ရငွေ	အခြားသာမန်ရငွေ	အတိုးရငွေ	ငွေလုံးငွေ ရင်းရငွေ	ပြည်ပအကူအညီရ ငွေ	ကြွေးမြီ		အဖွဲ့အစည်းမျ ားတွင် ရင်းနှီးငွေမှ ရငွေ	စုဆောင် း ငွေ
										ထုတ်ချေးငွေ အတွက်ပြန်ရ ငွေ	ချေးယူငွေ		
၁		၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
				ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁		ပြည်တွင်း ထွက်ကုန်နှင့် ပြည်သူ ပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ					၂၉၃ , ၀၀၀	–		–		
	၁	ယစ်မျိုးခွန်		၇ ,၉၀၀ ,၀၀၀									
	၂	ဝင်ကုန်အတွက် လိုင်စင်ခ		၃၀ ,၀၀၀ ,၀၀၀									
	၃	မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု		၁၅၀ ,၀၀၀ ,၀၀၀									
	၄	သယ်ယူပို့ဆောင်ရေးအခွန်		၁၀ ,၉၈၈ ,၂၀၀									
	၅	ကုန်စည်နှင့် ဝန်ဆောင်မှုခွန်		၂ ,၀၀၉ ,၆၀၀ ,၀၀၀									
	၆	တံဆိပ်ခေါင်း ရောင်းရငွေများ		၂၀ ,၀၉၆ ,၀၀၀									
၂		ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်	၎င်း										
	၁	ဝင်ငွေခွန်		၇၇ ,၅၇၅ ,၀၀၀									
	၂	အမြတ်ခွန်		၅၂၇ ,၇၂၃ ,၀၀၀									
၃		အကောက်ခွန်	၎င်း										
	၁	အကောက်ခွန်		၁ ,၀၀၀ ,၀၀၀ ,၀၀၀									
၄		နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့် အပေါ် ကောက်ခံသည့် အခွန်အကောက်	၎င်း										
	၁	မြေယာအပေါ် ကောက်ခံသည့် အခွန်အကောက်		၄၀ ,၇၈၂ ,၀၀၀									
	၂	ရေခွန်နှင့် တာတမံခွန်		၁၄ ,၆၀၈ ,၇၀၀									
	၃	သစ်တောများမှ ပစ္စည်းများ ထုတ် ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက်		၁၃၄ ,၃၇၃ ,၁၀၀									
	၄	ဓာတ်သတ္တု ပစ္စည်းများ ထုတ်ယူ သည့်အတွက် ကောက်ခံသည့် အခွန်		၆ ,၀၀၀ ,၀၀၀									
	၅	အင်းအိုင်ခွန်		၃၃ ,၆၀၀ ,၀၀၀									
	၆	ကြိုပေါင်စေးအပေါ်တွင် ကောက်ခံသည့် အခွန်		၁၃၅ ,၀၀၀									
၅		နိုင်ငံတော်၏ စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ	၎င်း		၂ ,၉၆၈ ,၈၈၃ ,၀၀၀								
၆		နိုင်ငံခြားရေး	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ			၈၄၇ ,၀၀၀							
၇		ကာကွယ်ရေး	၎င်း			၁၈ ,၆၈၇ ,၀၀၀ ၂၂ ,၈၀၂ ,၀၀၀		၃၄၈ ,၆	၄ ,၅၇၃ ,၀၀၀		–		

၈		ပြည်ထဲရေးနှင့် သာသနာရေး	၎င်း					၀၀					
၉		လူမှုဝန်ထမ်း	၎င်း			၁,၁၁၇,၀၀၀		–	၄၄,၀၀၀				
၁၀		ပြန်ကြားရေး	၎င်း			၂,၂၁၄,၀၀၀		–	၂,၉၄၀,၀၀၀		–		
၁၁		ယဉ်ကျေးမှု	၎င်း			၈၆၀,၀၀၀		–	၂၀,၀၀၀,၀၀၀		–		
၁၂		ပညာရေး	၎င်း			၁၁၈,၆၆၄,၀၀၀		–	၃,၈၃၀,၀၀၀		–		
၁၃		ကျန်းမာရေး	၎င်း			၃၈,၉၄၃,၀၀၀		–	၃၀,၄၂၀,၀၀၀		၄၀,၄၉၄,၀၀		
၁၄		အလုပ်သမားရေး	၎င်း			၂၁,၀၀၀		၁၀၀	၂၀၅,၀၀၀		–		
၁၅		လယ်ယာနှင့် သစ်တော	၎င်း			၁၇၁,၁၅၆,၀၀၀		၅၀၀,၀၀၀	၅၈,၄၆၈,၀၀၀		၃၁,၆၈၀,၀၀၀		
၁၆		မွေးမြူရေးနှင့် ရေလုပ်ငန်း	၎င်း			၁၃,၀၅၂,၀၀၀		–	၂,၀၀၀		–		
၁၇		သတ္တုတွင်း	၎င်း			၃,၇၆၀,၀၀၀		၄၀,၀၀၀	–		–		
၁၈		အမှတ် (၁) စက်မှု	၎င်း			၁,၉၉၇,၀၀၀		၅၀,၀၀၀	၂၃,၈၈၄,၀၀၀		–		
၁၉		အမှတ် (၂) စက်မှု	၎င်း			–			–		–		
၂၀		စွမ်းအင်	၎င်း			–		–	၈၆၂,၀၀၀		–		
၂၁		ဆောက်လုပ်ရေး	၎င်း			၃၁,၈၇၅,၀၀၀	၅၀၇,၈၀၀	–	၅၈,၀၀၀	၁,၁၂၀,၀၀၀	၂၀၃,၀၀၀		
၂၂		ပို့ဆောင်ဆက်သွယ်ရေး	၎င်း			၂၈,၄၃၂,၀၀၀		–	၄,၅၀၁,၀၀၀				
၂၃		ကုန်သွယ်ရေး	၎င်း					–	–		၃,၇၉၂,၀၀၀		
၂၄		သမဝါယမ	၎င်း					–	၁၂,၃၇၄,၀၀၀		–		
၂၅		စီမံကိန်းနှင့် ဘဏ္ဍာရေး	၎င်း								–	၄,၂၁,၀၀၀	
၂၆		ပင်စင်လစာငွေများနှင့် ဆုငွေများ	၎င်း				၂၆၅,၂၆၅,၀၀၀	၃၄,၀၀၀	၇,၃၆၃,၀၀၀	၃၅၄,၅၉၆,၀၀၀	၁၉၀,၄၀၀,၀၀၀	၄,၂၁,၀၀၀	
ပေါင်း				၄,၀၆၃,၃၈၁,၀၀၀	၂,၉၆၈,၈၈၃,၀၀၀	၄၄၈,၁၇၀,၀၀၀	၂၆၅,၇၇၂,၈၀၀	၁,၂၆၅,၇၀၀	၁၆၉,၅၂၄,၀၀၀	၃၅၅,၇၁၆,၀၀၀	၂၆၆,၅၉၉,၀၀၀	၄၂၃, ၀၀၀	

ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၄)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ								
			သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ	သီးသန့်ရန်ပုံငွေ
							ထုတ်ချေးငွေ	ချေးယူရငွေအတွက် ပေးဆပ်ငွေ			
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂

		ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	နိုင်ငံခြားရေး		၆,၂၆၃,၀၀၀		၆၅၂,၀၀၀	၈,၉၈၇,၈၄၀					
၂	ကာကွယ်ရေး	၎င်း	၁,၈၆၉,၂၄၇,၀၀၀		–	၃၇၃,၀၈၅,၀၀၀					
၃	ပြည်ထဲရေးနှင့် သာသနာရေး	၎င်း	၆၁၈,၄၁၂,၀၀၀		၁၁,၁၉၀,၇၀၀	၆၀,၁၄၄,၄၉၀					
၄	လူမှုဝန်ထမ်း	၎င်း	၁၇,၇၃၇,၀၀၀		၃,၇၄၃,၀၀၀	၃,၆၉၀,၀၀၀					
၅	ပြန်ကြားရေး	၎င်း	၈၇,၆၁၅,၀၀၀		–	၈,၄၆၁,၄၀၀					
၆	ယဉ်ကျေးမှု	၎င်း	၇,၀၂၅,၀၀၀		၁၃,၀၀၀	၃၅,၇၁၀,၂၀၀					
၇	ပညာရေး	၎င်း	၁,၀၅၁,၅၅၅,၀၀၀	၅,၁၀၀	၂၀၀,၀၀၀	၁၅၁,၇၈၄,၁၉၀					
၈	ကျန်းမာရေး	၎င်း	၄၁၅,၂၇၅,၀၀၀		၄,၉၆၇,၀၀၀	၁၁၇,၃၃၄,၂၀၀					
၉	အလုပ်သမား	၎င်း	၁၂,၇၂၅,၀၀၀		၈,၆၁၀,၀၀၀	၂,၀၀၀,၇၀၀					
၁၀	လယ်ယာနှင့် သစ်တော	၎င်း	၆၁၂,၅၇၄,၀၀၀		၃၄၇,၅၀၀	၄၁၇,၃၁၈,၀၈၀					
၁၁	မွေးမြူရေးနှင့် ရေလုပ်ငန်း	၎င်း	၃၉,၈၃၈,၀၀၀		–	၁၆,၅၇၃,၄၈၀					
၁၂	သတ္တုတွင်း	၎င်း	၃၃,၉၄၅,၀၀၀	၄,၀၀၀	–	၅,၉၉၃,၃၀၀					
၁၃	အမှတ် (၁) စက်မှု	၎င်း	၁၆,၄၀၀,၀၀၀		–	၁၀၆,၀၂၀,၃၇၀					
၁၄	အမှတ် (၂) စက်မှု	၎င်း	၁,၁၉၅,၀၀၀		–	– ၁,၀၈၃,၄၀၀					
၁၅	စွမ်းအင်	၎င်း	၂,၃၇၈,၀၀၀		–	၂၇၂,၅၉၉,၉၇၀					
၁၆	ဆောက်လုပ်ရေး	၎င်း	၃၀၇,၅၃၁,၀၀၀	၇၁၁,၀၀၀	၁,၂၂၇,၉၀၀	၁၁၉,၃၄၃,၂၇၀	၁,၇၂၄,၀၀၀				
၁၇	ပို့ဆောင်ဆက်သွယ်ရေး	၎င်း	၇၆,၇၇၂,၀၀၀		၂၅၀,၀၀၀	၁၁၄,၇၂၀		၂,၇၂၅,၀၀၀			
၁၈	ကုန်သွယ်ရေး	၎င်း	၆,၅၅၈,၀၀၀		–	၂,၆၅၈,၇၆၀					
၁၉	သမဝါယမ	၎င်း	၁၁၇,၃၆၁,၀၀၀	၃၆၉,၅၈၅,၀၀၀	၂၂,၀၂၉,၀၀၀	၁၄,၂၈၂,၃၇၀		၂၈၄,၁၄၈,၀၀၀	၂၂,၁၈၈,၀၀၀	၁၅၀,၀၀၀	
၂၀	စီမံကိန်းနှင့် ဘဏ္ဍာရေး	၎င်း	၁၁၉,၂၄၄,၀၀၀								
၂၁	ပင်စင်လစာငွေများနှင့် ဆုငွေများ	၎င်း	၃၂၀,၀၂၅,၀၀၀								
၂၂	ဆုငွေများနှင့် တစ်လုံးတည်းပင်စင် ငွေများ	၎င်း	၈၂,၀၀၀,၀၀၀								
၂၃	သီးသန့်ရန်ပုံငွေ	ဤရန်ပုံငွေမှ ထုတ်ယူ သုံးစွဲခွင့်ရှိသောဇယား (၁)၊ (၂)၊ (၃) တို့တွင် ဖော်ပြထားသော တာဝန်ခံ သို့မဟုတ် အဆိုပါပုဂ္ဂိုလ်က တာဝန်ပေးသူ									၁၀၀,၀၀၀,၀၀၀
	ပေါင်း		၅,၈၈၇,၀၃၄,၀၀၀	၃၇၀,၃၀၅,၀၀၀	၆၄,၂၃၀,၀၀၀	၁,၇၁၇,၁၈၆,၇၄၀	၁,၇၂၄,၀၀၀	၂၈၆,၈၇၃,၀၀၀	၂၂,၁၈၈,၀၀၀	၁၅၀,၀၀၀	၁၀၀,၀၀၀,၀၀၀

စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၅)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ								
			သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ	သီးသန့်ရန်ပုံငွေ
							ထုတ်ချေးငွေ	ချေးယူရငွေအတွက် ပေးဆပ်ငွေ			
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂

			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ			၂၄ ,၃၉၈ ,၀၇၉ ,၂၀၀		၁၀ ,၀၀၀ ,၀၀၀	၂၉၅ ,၂၂၉ ,၀၀၀	၃၃ ,၁၀၄ ,၉၀၀	၇၂၀ ,၇၉၄ ,၀၀၀	
	ပေါင်း				၂၄ ,၃၉၈ ,၀၇၉ ,၂၀၀		၁၀ ,၀၀၀ ,၀၀၀	၂၉၅ ,၂၂၉ ,၀၀၀	၃၃ ,၁၀၄ ,၉၀၀	၇၂၀ ,၇၉၄ ,၀၀၀	

နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၆)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ							
			သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ
							ထုတ်ချေးငွေ	ချေးယူရငွေအတွက် ပေးဆပ်ငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	၂၅ ,၄၀၅ ,၈၀၁ ,၅၀၀			၂ ,၉၆၁ ,၃၉၄ ,၄၅၀	၃၀ ,၇၀၃,၅၀၀	၁ ,၃၆၆ ,၃၆၄ ,၉၀၀		
	ပေါင်း		၂၅ ,၄၀၅ ,၈၀၁ ,၅၀၀			၂ ,၉၆၁ ,၃၉၄ ,၄၅၀	၃၀ ,၇၀၃,၅၀၀	၁ ,၃၆၆ ,၃၆၄ ,၉၀၀		

စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၇)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ									
			အခွန်အကောက်	နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ	အခြားသာမန်ရငွေ	အတိုးရငွေ	ငွေလုံးငွေရင်းရငွေ	ပြည်ပအကူအညီရငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ	စုဆောင်းငွေ
									ထုတ်ချေးငွေအတွက် ပြန်ရငွေ	ချေးယူရငွေ		

၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန လက်အောက်ရှိ စည်ပင်သာယာ ရေးကော်မတီများ နှင့် စည်ပင်သာယာရေးအဖွဲ့များ	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	၁၃၂ ,၇၁၇ ,၈၄၀		၂၁၉ ,၀၄၇ ,၀၂၀					၂၇ ,၃၇၇ ,၆၀၀		
၂	ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင် သာယာရေးအဖွဲ့များ	၎င်း	၂၅၆ ,၁၉၀		၃ ,၇၈၃ ,၂၂၀							
	ပေါင်း		၁၃၂ ,၉၇၄ ,၀၃၀		၂၂၂ ,၈၃၀ ,၂၄၀					၂၇ ,၃၇၇ ,၆၀၀		

စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၈)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ							
			သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်း သုံးငွေ	ကြွေးမြီ		အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ
							ထုတ်ချေးငွေ	ချေးယူရငွေအတါက် ပေးဆပ်ငွေ		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁	ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန လက်အောက်ရှိ စည်ပင်သာယာ ရေးကော်မတီများ နှင့် စည်ပင်သာယာရေးအဖွဲ့များ	ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ	၂၅၉ ,၄၉၇ ,၇၀၀			၂၀၀ ,၂၉၂ ,၇၆၀		၅၇ ,၈၃၇ ,၀၀၀		
၂	ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင် သာယာရေးအဖွဲ့များ	၎င်း	၂ ,၆၉၁ ,၇၀၀			၄၁၆ ,၂၀၀				
	ပေါင်း		၂၆၂ ,၁၈၉ ,၄၀၀			၂၀၀ ,၇၀၈ ,၉၆၀		၅၇ ,၈၃၇ ,၀၀၀		

ဝင်ငွေခွန်နှုန်းများ

ပုဂ္ဂလိက ကဏ္ဍ

၁။ (က) လစာခေါင်းစဉ်မှ ဝင်ငွေအတွက်၊

ကျပ်	ကျပ်

၁ မှ	၅၀၀၀ ထိ	၃ ရာခိုင်နှုန်း
၅၀၀၁ မှ	၁၀၀၀၀ ထိ	၇ ရာခိုင်နှုန်း
၁၀၀၀၁ မှ	၂၀၀၀၀ ထိ	၁၀ ရာခိုင်နှုန်း
၂၀၀၀၁ မှ	၃၅၀၀၀ ထိ	၁၅ ရာခိုင်နှုန်း
၃၅၀၀၁ မှ	၅၀၀၀၀ ထိ	၂၀ ရာခိုင်နှုန်း
၅၀၀၀၁ မှ	၇၅၀၀၀ ထိ	၂၅ ရာခိုင်နှုန်း
၇၅၀၀၁ မှ		၃၀ ရာခိုင်နှုန်း

(ခ) အသက်မွေးဝမ်းကြောင်းပညာလုပ်ငန်း၊ စီပွားရေးလုပ်ငန်း၊ ပစ္စည်း၊ ဝင်ငွေရလမ်း မဖော်ပြနိုင်သည့် ဝင်ငွေနှင့် အခြားရလမ်းများမှ ဝင်ငွေအတွက်၊

ကျပ်	ကျပ်	
၁ မှ	၅၀၀၀ ထိ	၃ ရာခိုင်နှုန်း
၅၀၀၁ မှ	၁၀၀၀၀ ထိ	၁၀ ရာခိုင်နှုန်း
၁၀၀၀၁ မှ	၁၅၀၀၀ ထိ	၁၅ ရာခိုင်နှုန်း
၁၅၀၀၁ မှ	၂၀၀၀၀ ထိ	၂၀ ရာခိုင်နှုန်း
၂၀၀၀၁ မှ	၃၀၀၀၀ ထိ	၂၅ ရာခိုင်နှုန်း
၃၀၀၀၁ မှ	၄၀၀၀၀ ထိ	၃၀ ရာခိုင်နှုန်း
၄၀၀၀၁ မှ	၅၀၀၀၀ ထိ	၃၅ ရာခိုင်နှုန်း
၅၀၀၀၁ မှ	၇၀၀၀၀ ထိ	၄၀ ရာခိုင်နှုန်း
၇၀၀၀၁ မှ	၁၀၀၀၀၀ ထိ	၄၅ ရာခိုင်နှုန်း
၁၀၀၀၀၁ မှ	၁၅၀၀၀၀ ထိ	၄၈ ရာခိုင်နှုန်း
၁၅၀၀၀၁ မှအထက်		၅၀ ရာခိုင်နှုန်း

၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ပြည်ပစုစုပေါင်းဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်း။

၃။ နိုင်ငံခြားသားတစ်ဦးသည် နိုင်ငံတော်၏ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်း၊ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ရပ်ရပ်၌ သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်လျှင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ထိုသူရရှိသော စုစုပေါင်းဝင်ငွေအပေါ် ၂၀ ရာခိုင်နှုန်း။

၄။ နိုင်ငံခြားတွင် ဖွဲ့စည်းထားသောပုဂ္ဂိုလ်စုတစ်ခုသည် နိုင်ငံတော်၏ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်း၊ လုပ်ငန်းသို့မဟုတ် လုပ်ဆောင်မှုတစ်ရပ်ရပ်၌ သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်လျှင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မ ထိုပုဂ္ဂိုလ်စု ရရှိသော စုစုပေါင်းဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်း။

၅။ မြန်မာနိုင်ငံ၌ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ တည်ထောင်သည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မ ယင်းကုမ္ပဏီ၏ စုစုပေါင်းဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်း။

၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ပြည်ပနေနိုင်ငံခြားသား၏ စုစုပေါင်းဝင်ငွေအပေါ် ၃၅ ရာခိုင်နှုန်း။

သို့သော် အထက်အပိုဒ် ၁ အပိုဒ်ခွဲ (ခ) ပါ နှုန်းများအနက် သက်ဆိုင်သည့် နှုန်းများဖြင့် ဝင်ငွေခွန်တွက်၍ ထိုသို့ တွက်ယူရရှိသော ဝင်ငွေခွန်သည် ယင်း ၃၅ ရာခိုင်နှုန်းဖြင့် တွက်၍ ရသည်ထက်များလျှင် များရာဝင်ငွေခွန်ကို ပေးဆောင်ရမည်။

သမဝါယမကဏ္ဍ

၇။ ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းထားသည့် သမဝါယမ အသင်း၊ ယင်း အသင်းစုနှင့် စုပေါင်းလယ်ယာအဖွဲ့များ၏ ဝင်ငွေအတွက်-

ကျပ်	ကျပ်	
၁ မှ	၅၀၀၀ ထိ	၃ ရာခိုင်နှုန်း
၅၀၀၁ မှ	၁၀၀၀၀ ထိ	၇ ရာခိုင်နှုန်း
၁၀၀၀၁ မှ	၂၀၀၀၀ ထိ	၁၀ ရာခိုင်နှုန်း
၂၀၀၀၁ မှ	၃၅၀၀၀ ထိ	၁၅ ရာခိုင်နှုန်း
၃၅၀၀၁ မှ	၅၀၀၀၀ ထိ	၂၀ ရာခိုင်နှုန်း
၅၀၀၀၁ မှ	၇၅၀၀၀ ထိ	၂၅ ရာခိုင်နှုန်း
၇၅၀၀၁ မှ အထက်		၃၀ ရာခိုင်နှုန်း

နိုင်ငံတော်ပိုင် ကဏ္ဍ

၈။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်း၏ စုစုပေါင်းဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်း။

ကဏ္ဍသုံးရပ်လုံးနှင့် သက်ဆိုင်သည့် နှုန်းများ

၉။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ၁၀ ရာခိုင်နှုန်း။

သို့သော် ပြည်ပနေနိုင်ငံခြားသားက အခြေပစ္စည်းမှ မြတ်စွန်းငွေရရှိလျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းမြတ်စွန်းငွေအပေါ် ၄၀ ရာခိုင်နှုန်းဖြင့် အခွန်ပေးဆောင်ရမည်။

၁၀။ ပြည်ထောင်စုမြန်မာနိုင်ငံအပေါ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ လုပ်ကိုင်သည့် လုပ်ငန်းဖြစ်လျှင် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်းဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်း။

စည်းကြပ်ထိုက်သော ဝင်ငွေသတ်မှတ်ခြင်း

၁၁။ ဤဇယား၏ ပုဂ္ဂလိက ကဏ္ဍအပိုဒ် ၁ အရ အပိုဒ်ခွဲ (က) အတွက် စုစုပေါင်းဝင်ငွေကျပ် ၁၅၀၀၀ (ကျပ်ငါးသောင်းတိတိ) ထက်မပိုလျှင် ဝင်ငွေခွန်မပေးဆောင်ရ။

၁၂။ ဤဇယား၏ ပုဂ္ဂလိက ကဏ္ဍအပိုဒ် ၁ အရ အပိုဒ်ခွဲ (ခ) နှင့် သမဝါယမကဏ္ဍတို့အတွက် စုစုပေါင်းဝင်ငွေကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ) ထက်မပိုလျှင် ဝင်ငွေခွန်မပေးဆောင်ရ။

၁၃။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း ပြုလုပ်လျှင် ယင်းသို့ပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း တန်ဖိုးစုစုပေါင်းသည် ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်းတိတိ) ထက်မပိုလျှင် ဝင်ငွေခွန်မပေးဆောင်ရ။

၁၄။ အထက်အပိုဒ် ၁၁၊ ၁၂ နှင့် ၁၃ တို့တွင် သတ်မှတ်ထားသည့် ငွေထက် ပိုသော်လည်း ပိုငွေပမာဏ မကြီးမားသည့်ကိစ္စများတွင် ဝင်ငွေခွန်စည်းကြပ်ရာ၌ မျှတမှုရှိ၍ တာဝန်မကြီးလေးစေရန် လိုအပ်မည့် အထူး တွက်ချက်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာ နိုင်သည်။

၁၅။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ခ) တွင် မည်သို့ပင်ပါရှိစေကာမူ အထက်ပါအခွန်များအပြင် နောက်ထပ်ဝင်ငွေခွန် ပေးဆောင်ခြင်းမပြုစေရ။